Rockbridge ES ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ခြင်း အသိပေးကြေညာချက် နိုဝင်ဘာလ 2017 – ဖေဖော်ဝါရီလ 2018

DeKalb County ကောင်တီ ခရိုင်ကျောင်းသည် Stone Mountain နှင့် Clarkston ဒေသများတွင် ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးရန် လူထု အစည်းအဝေး (3) ခု ကျင်းပမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်ပါသည်။

ယခင် Wardsworth ပရဝုဏ်သို့ 2.5 နှစ်ကြာယာယီပြောင်းရွှေ့ထားရာမှ Rockbridge မူလတန်းကျောင်းအဆောက်အအုံသစ်ကို 2018 ခုနှစ် ဇန်နဝါရီ 3 ရက်နေ့တွင် ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။ အပြ အမြဲတမ်းအဆောက်အအုံသစ်တွင် ပထမဆုံးစာသင်နှစ်တစ်ခုလုံးကို 2018 ခုနှစ် ဆောင်းဦးရာသီတွင် စတင်မည် ဖြစ်သည်။

ဤပိုမိုကြီးမားသောအဆောက်အအုံသစ်တွင် နေရာလွတ်များရှိနေသောကြောင့် Stone Mountain နှင့် Clarkson ဒေသများရှိကျောင်းများတွင် ကျောင်းသားများအလွန်တရာများပြားနေခြင်းကိုဖြေရှင်းရန် ကျောင်းတက်ရောက်သည့် နယ်မြေအား ပြန်လည်သတ်မှတ်ပေးဖို့ အကြံပြုခြင်းခံရပါသည်။ 2018 ခုနှစ် ဆောင်းဦးရာသီတွင် စတ စတင်အကောင်အထည်ဖော်ရန် သတ်မှတ်ထားသော ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ရေးအကြံပြုချက်သည် အဆိုပါ ဒေသများရှိ အိမ်နီးချင်းကျောင်းများအပေါ် အကျိုးသက်ရောက်နိုင်ခြေရှိသည်။

အကျိုးသက်ရောက်မှု ခံရနိုင်သော မူလတန်းကျောင်းများမှာ-

- Allgood မူလတန်းကျောင်း (Clarkston ဒေသ)
- Dunaire မူလတန်းကျောင်း (Clarkston ဒေသ)
- Hambrick မူလတန်းကျောင်း (Stone Mountain ဒေသ)
- Indian Creek မူလတန်းကျောင်း (Clarkston ဒေသ)
- Jolly မူလတန်းကျောင်း (Clarkston ဒေသ)
- Rockbridge မူလတန်းကျောင်း (Stone Mountain ဒေသ)
- Stone Mill မူလတန်းကျောင်း (Stone Mountain ဒေသ)
- Stone Mountain မူလတန်းကျောင်း (Stone Mountain ဒေသ)

အကျိုးသက်ရောက်မှု ခံရနိုင်သောအလယ်တန်းကျောင်းများမှာ-

- Freedom အလယ်တန်းကျောင်း (Clarkston ဒေသ)
- Stone Mountain အလယ်တန်းကျောင်း (Stone Mountain ဒေသ)

အကျိုးသက်ရောက်မှု ခံရနိုင်သောအထက်တန်းကျောင်းများမှာ-

- Clarkston အထက်တန်းကျောင်း (Clarkston ဒေသ)
- Stone Mountain အထက်တန်းကျောင်း (Stone Mountain ဒေသ)

ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ရေးလုပ်ငန်းစဉ်ကို တဖြည်းဖြည်း များပြားလာသော အဖွဲ့အစည်းများထံမှ သုံးကြိမ်တိုင်တိုင် သဘောထားကောက်ခံ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ အဖွဲ့အစည်းများထံမှ သုံးကြိမ်တိုင်တိုင် သဘောထားကောက်ခံပြီးသွားသည်နှင့် 2018 ဖေဖော်ဝါရီလတွင် ခွင့်ပြုချက်ရရှိရန် ညွှန်ကြားရေးမှူးမှ အကြံပြုထားသောကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ခြင်းအစီအစဉ်ကို ဘုတ်အဖွဲ့ထံတင်ပြမည် ဖြစ်သည်။

မှတ်ချက် - သုံးကြိမ်တိုင်တိုင် သဘောထားမှတ်ချက်များပေးရာတွင် အောက်တွင် ဖော်ပြထားသည့် ကျောင်းနယ်မြေပြန်လည်သတ်မှတ်ခြင်းဆိုင်ရာစံနှုန်းများအတိုင်း ဖြစ်ရပါမည်-

1. ဘေးကင်းရေးနှင့် သယ်ယူသယ်ယူပို့ဆောင်ရေးပုံစံများ
2. ယခင် ကျောင်းနယ်မြေ ပြန်လ ပြန်လည်သတ်မှတ်ခြင်း
3. နဂိုရှိရင်းစွဲအိမ်နီးချင်းကျောင်းများ
4. အထူးအစီအစဉ်များ၊ ဆိုလိုသည်မှာ- စာသင်ခန်းနေရာ ပိုမိုလိုအပ်သောကျောင်းသားများအတွက် အထူးပုံ အထူးပုံပိုးမှုများထောက်ပံ့ပေးသောအစီအစဉ်များ
5. ဆက်လက်တက်ရောက်ရန် သတ်မှတ်ထားသောနယ်မြေခံကျောင်းများနှင့် ပူးပေါင်းချိတ်ဆက်မှု
6. ထိရောက်ပြီးတွက်ခြေကိုက်သောလုပ်ဆောင်ချက်များ

လူထုသဘောထား- ပထမအကြိမ် (2017 ခုနှစ် နိုဝင်ဘာလ 2 ရက်နေ့၊ ညနေ 6:30 ၌ Freedom MS တွင် ကျင်းပမည်)
ဤအစည်းအဝေး၏ ရည်ရွယ်ချက်မှာ အဖွဲ့အစည်းထံ/မှ အောက်ပါ အချက်အလက်များပေးပို့ရန်နှင့် ရယူရန် ဖြစ်သည်-

1. ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ရေးအကြံပြုချက်တွင် ပါဝင်သောအချက်များစွာအပေါ် ခြုံငုံသုံးသပ်ချက် တစ်ခု
2. အကျိုးသက်ရောက်မှု ခံရနိုင်သော ကျောင်းစာရင်းနှင့် ကျောင်းတက်ရန် နယ်မြေများ
3. ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ရေးလုပ်ငန်းစဉ်နှင့် စံနှုန်းနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းထံ/မှ ယေဘုယျနှင့် ပဏာမအကြံပြုချက်

မှတ်ချက် - ဤပထမအကြိမ် အစည်းအဝေးအတွင်း ရယူထားသော လူထု ဆန္ဒသဘောထားကို အကောင်အထည်ဖော်ရန် မည်သည့် အစီအစဉ်ကိုမျှ ချမှတ်ဦးမည် မဟုတ်ပါ။ ရရှိလာသော ရရှိလာသောမှတ်ချက်အားလုံးကို ဝန်ထမ်းများ၏ လေ့လာစိစစ်မှုဖြင့် ပေါင်းစပ်ပြီး ဒုတိယအကြိမ် အစည်းအဝေးတွင် အဖွဲ့အစည်း၏ သဘောထားနှင့် အကြံပြုချက်များကိုတင်ပြနိုင်ရန် ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ခြင်းဆိုင်ရာ ရွေးချယ်စရာသုံးခုကိုလုပ်ဆောင်မည် ဖြစ်သည်။

လူထုသဘောထား- ဒုတိယအကြိမ် (2017 ခုနှစ် နိုဝင်ဘာလ 30 ရက်နေ့ ညနေ 6:30 ၌ Clarkston HS တွင် ကျင်းပမည် ဖြစ်သည်)
ဤအစည်းအဝေး၏ ရည်ရွယ်ချက်မှာ ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ခြင်းအတွက် ဖြစ်နိုင်သောရွေးချယ်စရာသုံးခုကိုတင်ပြရန်နှင့် ရွေးချယ်စရာတစ်ခုစီ၏ အကြောင်းအရာမျိုးစုံအပေါ် အဖွဲ့အစည်း၏ သဘောထား/အကြံပြုချက်ကိုတောင်းခံရန် ဖြစ်သည်။

မှတ်ချက် - ဤဒုတိယအကြိမ် အစည်းအဝေးမှ မှတ်ချက်များကို တတိယအကြိမ်တွင် လူထုမှတ်ချက်နှင့် သဘောထားများတင်ပြနိုင်ရန် ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ရေးအတွက်ဝန်ထမ်းများမှ အကြံပြုထားသည့် တစ်ခုတည်းသော ရွေးချယ်စရာကို ပြုလုပ်ဖန်တီးရာတွင် အသုံးပြုသွားမည် ဖြစ်သည်။

လူထုသဘောထား- တတိယအကြိမ် (2018 ခုနှစ် ဇန်နဝါရီလ 11 ရက်နေ့ Rockbridge ES တွင် ညနေ 6:30 ၌ ကျင်းပမည် ဖြစ်သည်)

ဤတတိယနှင့် နောက်ဆုံးအကြိမ် အစည်းအဝေး၏ ရည်ရွယ်ချက်မှာ ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ခြင်းအတွက် ဝန်ထမ်းများမှ အကြံပြုထားသည့် တစ်ခုတည်းသော ရွေးချယ်စရာကိုတင်ပြရန်နှင့် ယင်းရွေးချယ်မှု အပေါ် အဖွဲ့အစည်း၏ သဘောထား/အကြံပြုချက်ကိုတောင်းခံရန်ဖြစ်သည်။

မှတ်ချက် - တင်ပြသောရွေးချယ်စရာသည် ဒုတိယအကြိမ်တွင် တင်ပြထားသောရွေးချယ်မှုနှင့် သက်ဆိုင်ချင်မှ သက်ဆိုင်ပါမည်။ သို့သော် ဤရွေးချယ်မှုသည် ပထမနှင့် ဒုတိယအကြိမ် အစည်းအဝေးများ အစည်းအဝေးများအပြင် ဝန်ထမ်းများ၏ ဆန်းစစ်မှုမှ ရလာသောလူထုမှတ်ချက်များအားလုံးကို စုပေါင်းထားသောရလဒ် ဖြစ်ပါသည်။ တင်ပြလိုက်သော ဤတစ်ခုတည်းသော ရွေးချယ်စရာသည် စဉ်းစားထားသောအစီအစဉ်၏ သတ်မှတ် အကြောင်းအရာများနှင့်စပ်လျဉ်း၍ အဖွဲ့အစည်း၏ သဘောထားအပေါ် အလေးထားအာရုံစိုက်မည် ဖြစ်သည်။ ဤအစီအစဉ်သည် နောက်ဆုံးအစီအစဉ် မဟုမဟုတ်သေးပါ။

ညွှန်ကြားရေးမှူးမှ အကြံပြုထားသောကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ရေး အစီအစဉ်

လူထုသဘောထားကောက်ခံသည့် အကြိမ်အားလုံးမှ အဖွဲ့အစည်း၏ အကြံပြုချက် (နှင့် အထူးသဖြင့် ဝန်ထမ်းများထံမှ နောက်ဆုံး အကြံပြုထားသည့်ရွေးချယ်စရာ) ကို ရယူပြီးနောက် ညွှန်ကြားရေးမှူးသည် လိုအပ်သည်ဟု ယူဆသောပြောင်းလဲမှုများအား လုပ်ဆောင်သွားမည် ဖြစ်ပြီး ဘုတ်အဖွဲ့၏ ခွင့်ပြုချက် ရရှိရန်အတွက် ညွှန်ကြားရေးမှူးမှ အကြံပြုထားသောကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ရေး အစီအစဉ်ကိုတင်ပြမည် ဖြစ်သည်။

ဘုတ်အဖွဲ့၏ ခွင့်ပြုချက် (ဖေဖော်ဝါရီလ 2018)

ဘုတ်အဖွဲ့၏ ခွင့်ပြုချက်ကို 2018 ဖေဖော်ဝါရီလတွင် ရရှိရန် မျှော်မှန်းထားပြီး ကျောင်းတက်ရမည့် နယ်မြေပြောင်းလဲသတ်မှတ်မှုများသည် 2018 ဆောင်းဦးတွင် စတင်မည် ဖြစ်သည်။

အသေးစိတ် အချက်အလက် အပြည့်အစုံကို သိရှိလိုပါက www.dekalbschoolsga.org/redistricting တွင် ဝင်ရောက်ကြည့်ရှုပါ။